မေလ 2020

ချစ်ခင်ရပါသော နေထိုင်သူများ၊

COVID-19 ကမ္ဘာ့ရောဂါကပ်ကြီးကြောင့် ကျွန်ုပ်တို့၏အသိုင်းအဝိုင်းမှလူအချို့သည် ငွေကြေး ရေးအခက်အခဲနှင့် ရင်ဆိုင်နေရကြောင်း ကျွန်ုပ်တို့နားလည်ထားပြီး ကောင်စီအနေဖြင့် ကောင်စီအခွန်များနှင့်ပတ်သက်၍ ဤကိစ္စကို ထည့်သွင်း စဉ်းစားထားပါသည်။

ဤအချိန်တွင် အဓိကအားဖြင့် ငွေရေးကြေးရေး အခက်အခဲများ ကြုံတွေ့နေရသူများအပေါ် သက်ညှာစေရန်အတွက် ကျွန်ုပ်တို့သည် 2019/20 စတုတ္ထသုံးလပတ် ကောင်စီအခွန်များကို လျှော့ချပေးထိုက်သော အခွန်ထမ်းများအတွက် ဒေါ်လာ ၂၀၀ လျှော့ချပေးရန် ချမှတ်ခဲ့ပါသည်။ လက်ရှိ ကိုယ်ပိုင် Centrelink Reference Number ရှိပြီး လက်ရှိ လူမှုဖူလုံရေးထောက်ပံ့ကြေး ရရှိသူများသည် လျှောက်ထားထိုက်ပါသည်။ ငွေကြေး အခက်အခဲနှင့်ပတ်သက်သည့် အခြား အထောက်အထားကိုလည်း ထည့်သွင်းစဉ်းစားပေးပါမည်။ ဤကိစ္စ သင်နှင့်သက်ဆိုင်သည်ဟု ထင်မြင်လျှင် melton.vic.gov.au/raterelief ရှိ အွန်လိုင်းလျှောက်လွှာပုံစံကို ကျေးဇူးပြု၍ ဖြည့်စွက်ပါ သို့မဟုတ် sharing@melton.vic.gov.au သို့အီးမေးလ်ပို့ပါ။

ဤအရေးယူလုပ်ဆောင်ချက်အားဖြင့် ကောင်စီသည် မိမိ၏မကြာသေးမီက COVID-19 ငွေကြေး ပံ့ပိုးမှု (ကောင်စီအခွန်များနှင့် အခကြေးများ) မူဝါဒကို ချမှတ်ခဲ့သည်၊ အဆိုပါ မူဝါဒအားဖြင့် COVID-19 သက်ရောက်မှုများကြောင့် ငွေကြေး အခက်အခဲကြုံတွေ့နေရသူများအား ငွေကြေးပံ့ပိုးမှု နည်းလမ်းများကို ဖန်တီးပေးသည်။ အကယ်၍ သင်သည် နေထိုင်သူ အခွန်ထမ်းတစ်ဦးဖြစ်စေ သို့မဟုတ် စီးပွားလုပ်ငန်းရှင် အခွန်ထမ်း တစ်ဦး ဖြစ်စေ သင့်အတွက် ဤမူဝါဒအားဖြင့် အခွန်ပေးချေရန် အစီအစဉ်များ လုပ်ပေးခြင်း၊ အခွန်ပေးချေရက်ကို ရက်ရွှေ့ဆိုင်းပေးခြင်း၊ နှင့် ပျက်ကွက်မှုကြောင့် ထပ်တိုးကောက်သည့် အတိုးငွေကို လျှော်ပစ်ပေးခြင်းတို့ဖြင့် ပံ့ပိုးပေးနိုင်သည်။

ဤပံ့ပိုးမှုအစီအမံများကို ချမှတ်ပေးခြင်းအားဖြင့် ငွေကြေးအရ ထိခိုက်ခံရသည့် တစ်ဦးချင်းလူပုဂ္ဂိုလ်များ၊ မိသားစုများ နှင့်စီးပွားရေးလုပ်ငန်းများအနေဖြင့် မယုံကြည်နိုင်လောက်အောင် ခက်ခဲသည့် ဤအချိန်အခါ၌ ငွေကြေးကိုစီမံရန် ကျွန်ုပ်တို့ တတ်နိုင်သမျှ လုပ်ပေးနေပါသည်။

သင်၏ အခွန်အားဖြင့် လမ်းများ၊ နားနေအပန်းဖြေရာ နှင့် လူမှုအသိုင်းအဝိုင်း စင်တာများ၊ ကလေးများအတွက် အစီအစဉ်များ၊ စောင့်ရှောက်ပေးသည့် ဝန်ဆောင်မှုများ၊ ပန်းခြံများ၊ လမ်းလျှောက်ပလက်ဖောင်းလမ်းများနှင့် အလွန်အလွန် အများအပြားတို့အတွက် ရန်ပုံငွေ ချပေးစေပြီး ဤလုပ်ရပ်အားဖြင့် ဤအချိန်ကာလ၌ အထိခိုက်ဆုံးဖြစ်သည့် အဆိုပါ အခွန်ထမ်းများအပေါ် အနည်းငယ် သက်ညှာစေသည့် အရာများလုပ်ပေးရင်း ကျွန်ုပ်တို့ ဤအရေးကြီးသည့် အစီအစဉ်များနှင့် ဝန်ဆောင်မှုများကို ဆက်လက် လုပ်ဆောင်ပေးနိုင်ရန် သေချာစေပါမည်။

ကျွန်ုပ်တို့၏ ဖောက်သည်ဝန်ဆောင်မှု စင်တာများကို အများပြည်သူအတွက် ပိတ်ထားဆဲဖြစ်သောကြောင့် အားလုံးသော ကောင်စီအခွန် ပေးချေခြင်းများကို အွန်လိုင်းဖြင့် ပေးချေရန် လိုကြောင်း သို့မဟုတ် ဖုန်းဖြင့် ပေးချေရန် လိုကြောင်း ကျေးဇူးပြု၍ သိရှိထားပါ။

ကောင်စီသည် ဤကဲ့သို့သော မသေချာမရေရာသည့် အချိန်ကာလအတွင်း အားလုံးသော နေထိုင်သူများ၊ စီးပွားရေးလုပ်ငန်းများနှင့် လူမှုအဖွဲ့အစည်းများကို ကူညီရန်အတွက် ရှိနေပါသည်။ နောက်ထပ် သတင်းအချက်အလက်များကို ကောင်စီဝက်ဘ်ဆိုက်တွင် သင် တွေ့ရှိနိုင်သည်။

ရိုးသားစွာဖြင့်။

Lara Carli CR
**CITY OF MELTON MAYOR**